**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**နေပြည်တော်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးနှင့် စာရင်းကိုင်-၄ ရာထူး လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)၊ ရာထူး (၄၀)နေရာအတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊

(ခ) ၃၁-၇-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည့်အပြင် အသက်(၂၉)နှစ်ထက် မကြီးသူဖြစ်ရမည်၊

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်၊ (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်)

(ဃ) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင် နှင့်အထက် ရှိရမည်၊

(င) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်နှင့်အထက်ရှိရမည်၊

(စ) ဆေးအဆင့် (က) ရှိရမည်၊ ကိုယ်အင်္ဂါချို့ယွင်းသူများမဖြစ်စေရ၊

(ဆ) ကိုဗစ်-၁၉ ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးသူဖြစ်ရမည်၊

(ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဈ) နယ်ဘက်တရားရုံးများတွင် အမှုအခင်းကင်းရှင်းသူဖြစ်ရမည်၊

(ည) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်မှသာ လူတွေ့စစ်မေးခြင်း၊ ဆေးအဆင့်စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်မည်။

၄။ သတ်မှတ်လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် ရယူနိုင်သည်။ သတ်မှတ် လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၅။ လျှောက်လွှာကိုလျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၁၄-၁၁-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထား စာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-

(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊

(ခ) ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ(မိတ္တူ)၊

(ဂ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(င) အိမ်ထောင်စုစာရင်း(မိတ္တူ)၊

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာနှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) ထောက်ခံချက်(မူရင်း)

(ဆ) (၂)လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် ဓါတ်ပုံ (၃) ပုံ၊

(ဇ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊

(ဈ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်၊

(ည) ကိုဗစ်-၁၉ ကာကွယ်ဆေး (၂) ကြိမ်ထိုးနှံပြီးသည့် အထောက်အထား

၇။ ဖြေဆိုခွင့်ရရှိသူများအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများမှတစ်ဆင့် အကြောင်းကြားပါမည်။

၈။ စာရွက်စာတမ်း၊ သတ်မှတ်အရည်အချင်း၊ သတ်မှတ်အချက်အလက်များ မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

D:\ZMO\2020 Exam\Assistant Investigator(outer)/newspaper